**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

စာအမှတ်၊ ဆသ-၂/မလ(သဘောထား)/၂၀၂၂(၁၀၄)
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်

အကြောင်းအရာ။ **ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန်ကိစ္စ**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၈-၂-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ ဆသ-၂/ ဆိုက်ဘာ (သဘောထား)/ ၂၀၂၁ (၃၁၅)

၁။ e-Government ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဆိုက်ဘာဥပဒေရေးဆွဲရေးအထောက်အကူပြုကော်မတီ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဆပ်ကော်မတီတို့နှင့် ပူးပေါင်း၍ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)ကို သီးခြားပြုစုရေးဆွဲခဲ့ပြီး ၈-၂-၂၀၂၁ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများသို့ ဆိုက်ဘာလုံခြုံရေးဥပဒေပထမ(မူကြမ်း)အပေါ် ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက်တောင်းခံခဲ့ပါသည်။

၂။ ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများက ပြန်ကြားလာသည့် သဘောထားမှတ်ချက်၊ အကြံပြုသုံးသပ်ချက်များအပေါ်တွင် လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများ ဆောင်ရွက်ခဲ့ပြီး ၁၅-၉-၂၀၂၁ ရက်တွင် ကျင်းပပြုလုပ်သော e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၁/၂၀၂၁ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း) ပြင်ဆင်ပြီးစီးမှုအခြေအနေကို တင်ပြခဲ့ရာ ဥပဒေမူကြမ်းကို အချောသတ်ပြင်ဆင်၍ အတည်ပြုပြဌာန်းနိုင်ရေး လိုအပ်သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆက်လက်ဆောင်ရွက်သွားရန် အတည်ပြုခဲ့ပါသည်။

၃။ အဆိုပါ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)အား ဆိုက်ဘာဥပဒေရေးဆွဲရေးအထောက်အကူပြုကော်မတီနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဆပ်ကော်မတီတို့မှ ၁၃-၁၀-၂၀၂၁ ရက်နှင့် ၁၃-၁၂-၂၀၂၁ ရက်တို့တွင် အချောသတ်ဆွေးနွေး ပြင်ဆင်ထားရှိပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)အပေါ် သဘောထားအကြံပြုချက်များအား အောက်ဖော်ပြပါလိပ်စာသို့ **၂၈-၁-၂၀၂၂ ရက်(သောကြာနေ့)**အရောက် ပြန်ကြားပေးနိုင်ပါရန် အဆိုပါဥပဒေ(မူကြမ်း)နှင့်အတူ ပူးတွဲပေးပို့အပ်ပါသည်-

**ပေးပို့ရန်လိပ်စာ**

ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန
သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ဖုန်း-၀၆၇-၃၄၂၂၆၃၃၊ ဖက်စ်-၀၆၇-၃၄၂၂၆၂၂
Email:cslaw@ncsc.gov.mm

13/1/2022

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(စိုးသိန်း၊ အမြဲတမ်းအတွင်းဝန်)

**ဖြန့်ဝေခြင်း**

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်ရယူထားသူများ

ဘဏ်လုပ်ငန်းရှင်များနှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းရှင်များ

**မိတ္တူကို**

ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

ရုံးလက်ခံ

မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ်၊ ဆသ-၂/ဆိုက်ဘာ(သဘောထား)/၂၀၂၁( ၃၁၅)

ရက်စွဲ၊ ၂၀၂၁ ခု နှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

အကြောင်းအရာ။ **ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်း။**

အကြောင်းအရာပါကိစ္စနှင့် ပက်သက်၍ ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲထားရှိပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ဆိုက်ဘာလုံခြုံရေးဥပဒေ(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပေးရန်ရှိပါက ၁၉-၂-၂၀၂၁ ရက်(သောကြာနေ့) နောက်ဆုံးထား၍ ပြန်ကြားပေးပို့နိုင်ပါရန် ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း) နှင့်အတူ ပေးပို့အပ်ပါသည်။

**ပေးပို့ရန်လိပ်စာ**


ညွှန်ကြားရေးမှူး၊ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန

သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

ဖုန်း- ၀၆၇-၃၄၂၂၆၃၃၊ ဖက်စ်- ၀၆၇-၃၄၂၂၆၂၂

Email: cslaw@ncsc.gov.mm


၈/၂/၂၀၂၁

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(စိုးသိန်း၊ အမြဲတမ်းအတွင်းဝန်)

ဖြန့်ဝေခြင်း

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်ရယူထားသူများ

ဘဏ်လုပ်ငန်းရှင်များနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းရှင်များ

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
- ရုံးလက်ခံ/မျှော

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ /၂၀၂၂

၁၃၈၃ ခုနှစ်၊ လ ရက်

(၂၀၂၂ ခုနှစ်၊ လ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် သက်ဆိုင်ခြင်း

၁။ ဤဥပဒေကို ဆိုက်ဘာလုံခြုံရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်-

(က) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား မည်သူမဆို ပြည်တွင်းတွင် သို့မဟုတ် နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ်နှင့် လေယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့်ကိစ္စရပ်များနှင့် မြန်မာနိုင်ငံသားကသော်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သည့် နိုင်ငံခြားသားကသော်လည်းကောင်း ပြည်တွင်းပြည်ပ အပြန်အလှန်အားဖြင့် ကျူးလွန်သည့် ကိစ္စရပ်များ၊

(ခ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် အခြားဆိုက်ဘာနယ်ပယ်တစ်ခုခုတို့အကြား အပြန်အလှန်အားဖြင့် ဖြစ်စေ၊ ဆိုက်ဘာအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သူနှင့်မဆို ဆက်သွယ်ဆောင်ရွက်သော ကိစ္စရပ်များ။

## အခန်း (၂)

## အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဂ) **ဦးစီးကော်မတီ** ဆိုသည်မှာ ဗဟိုကော်မတီက ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ** ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများလည်း ပါဝင်သည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရန်လိုအပ်ချက်အရ ဦးစီးကော်မတီက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။

(ဇ) **ဆိုက်ဘာလုံခြုံရေး** ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာအရင်းအမြစ်၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦတို့ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ဖွင့်ချမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှုနှင့် ဖျက်ဆီးမှုများအား ကာကွယ်ခြင်းကိုဆိုသည်။

(ဈ) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဍာန် (Image)၊ အသံ (Voice)၊ ဗီဒီယို (video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) နှင့် အချက်အလက် အစုအဝေး (Database) တို့ကို ဆိုသည်။

(ည) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာ ပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက် အစုအဝေးတို့ကို ဆိုသည်။ ၎င်းတို့အပေါ်တွင် တီထွင်တိုးတက်ဖြစ်ပေါ်လာသော နည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုဆိုသည်။

(ဋ) **အီလက်ထရောနစ်သတင်းအချက်အလက်** ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့ အပါအဝင် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်း နည်းပညာဖြင့် ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးဆောင်ရွက် ထားသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်း အချက်အလက်ကို ဆိုသည်။

(ဌ) **အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အဦ (Critical Information Infrastructure)** ဆိုသည်မှာ ပုဒ်မ ၁၄ ပါ အခြေခံအဆောက်အဦများကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ဗဟိုကော်မတီကဖြစ်စေ၊ ဝန်ကြီးဌာနကဖြစ်စေ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦ အဖြစ် ထုတ်ပြန်သတ်မှတ်သည့် ကိစ္စလည်း ပါဝင်သည်။

(ဍ) **အချက်အလက်** (Data) ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာ စနစ်တစ်ခု အတွင်းတွင် လုပ်ဆောင်ထားသော၊ လုပ်ဆောင်ဆဲနှင့် ဆက်လက်လုပ်ဆောင်ရန် ရည်ရွယ်ထားသော စည်းမျဉ်းစည်းကမ်းတကျ လုပ်ထုံးလုပ်နည်းများဖြင့် ပြင်ဆင်ထား ခဲ့ပြီးသော သို့မဟုတ် ပြင်ဆင်နေဆဲဖြစ်သော ညွှန်ကြားချက်၊ ယူဆချက်၊ အချက် အလက်၊ အသိပညာ၊ သတင်းအချက်အလက်တို့အပြင် ကွန်ပျူတာမှတ်ဉာဏ်တွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်ခြင်းကို ဆိုသည်။

(ဎ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့် ဆက်နွယ်သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့်အချက်အလက်ကိုမဆို ဆိုသည်။

(ဏ) **ကိုယ်ရေးဆိုင်ရာအချက်အလက်များကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရ ဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသော အစိုးရဋ္ဌာန၊ အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်ကိုဆိုသည်။

(တ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များအား ပြန်လည်ကောက်ယူခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းကိုဆိုသည်။

(ထ) **အရေးကြီး သတင်းအချက်အလက်အခြေခံ အဆောက်အဦစီမံထိန်းသိမ်းရန် တာဝန်ရှိသူ** ဆိုသည်မှာ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အဦကို တာဝန်ယူဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဒ) **အီလက်ထရောနစ်ထိုးမြဲလက်မှတ် (Electronics or Digital Signature)** ဆိုသည်မှာ အီလက်ထရောနစ်သတင်းအချက်အလက်၏ ပင်ရင်းစစ်မှန်ကြောင်းနှင့် ပြင်ဆင်မှု သို့မဟုတ် အစားထိုးမှုမရှိကြောင်းကို အတည်ပြုရန် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကိုယ်တိုင် သို့မဟုတ် ကိုယ်စား စီစဉ်ထားသော သင်္ကေတ သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဓ) **အီလက်ထရောနစ်မှတ်တမ်း (Electronic record)** ဆိုသည်မှာ သတင်းအချက်အလက်စနစ်တစ်ခုတွင် သော်လည်းကောင်း၊ သတင်းအချက်အလက် စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပေးပို့ရေးအတွက် သော်လည်းကောင်း၊ အလင်းတန်း ဖြတ်သန်းခြင်းနည်း (Optical means) ဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ သတင်းအချက်အလက်တစ်ခုခုကို ဖြစ်ပေါ်စေသော၊ ပေးပို့သော၊

လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော အထောက်အထား မှတ်တမ်းကို ဆိုလိုသည်။

(န) **အီလက်ထရောနစ်သက်သေခံလက်မှတ် (Electronics or Digital Certificate)** ဆိုသည်မှာ အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက သုံးစွဲမည့်သူအား ထုတ်ပေးသည့် အီလက်ထရောနစ်ထိုးမြဲလက်မှတ်နှင့် ထိုးမြဲလက်မှတ် ဖန်တီးသော အချက်အလက်တို့၏ ဆက်နွယ်မှုကို သေချာစေသည့် အီလက်ထရောနစ် သတင်းအချက်အလက် သို့မဟုတ် အခြားမှတ်တမ်းကို ဆိုသည်။

(ပ) **အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူ** ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်၏ မှန်ကန်မှုနှင့် တရားဝင်မှုတို့အား စိစစ်အတည်ပြုပေးနိုင်သည့် အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူကို ဆိုသည်။

(ဖ) **ငှားရမ်းသုံးစွဲသူ** ဆိုသည်မှာ အီလက်ထရောနစ် သက်သေခံလက်မှတ်တွင် နည်းပညာတစ်ရပ်ရပ်အရ အမည်ဖော်ပြထားသော အီလက်ထရောနစ် ထိုးမြဲလက်မှတ် ရေးထိုးသူအမှတ် ဖြစ်ကြောင်း သတ်မှတ်ခြင်းခံရသည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဗ) **မူလဆောင်ရွက်ပေးပို့သူ** ဆိုသည်မှာ အီလက်ထရောနစ် သတင်းအချက်အလက်ကို ဖန်တီးရန်ဖြစ်စေ၊ စတင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပေးပို့ရန်ဖြစ်စေ၊ ဆောင်ရွက်သူ သို့မဟုတ် ထိုသူ၏ ကိုယ်စားလှယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ် သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ အခြားသူတစ်ဦး တစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူ မပါဝင်။

(ဘ) **လက်ခံသူ** ဆိုသည်မှာ မူလဆောင်ရွက်ပေးပို့သူက ပေးပို့သည့် အီလက်ထရောနစ် သတင်းအချက်အလက်ကို လက်ခံရရှိစေရန် ရည်ရွယ်သည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ အခြားသူ တစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူ မပါဝင်။

(မ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း (Digital Platform Service)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်နှင့် အလားတူစနစ် သို့မဟုတ် ပစ္စည်းများကို အသုံးပြု၍ အွန်လိုင်းတွင် အချက်အလက်၊ သတင်းအချက်အလက်၊ ရုပ်ပုံ၊ အသံ၊ စာသားနှင့်

ဗီဒီယို စသည်တို့ကို ဖော်ပြနိုင်သည့် ဝန်ဆောင်မှုပေးအပ်သော (Over the top-OTT) လုပ်ငန်းတစ်ရပ်ရပ်ကိုဆိုသည်။

**ရှင်းလင်းချက်**။ Over the top-OTT ဆိုသည်မှာ သမားရိုးကျ နည်းလမ်းကို အသုံးမပြုဘဲ ဆိုက်ဘာအရင်းအမြစ်နှင့် အလားတူစနစ်ကို အသုံးပြု၍ ဝန်ဆောင်မှု ပေးသည့် ကိစ္စရပ်များကိုဆိုသည်။

(ယ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူ (Digital Platform Service Provider)** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်း အသုံးပြုနိုင်သော ဒီဂျစ်တယ် ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပုဒ်မ ၅၈ နှင့် ၆၂ တို့ပါ ပြဋ္ဌာန်းချက်များမှ အပ ဆက်သွယ်ရေးဥပဒေပါ ဆက်သွယ်ရေး ဝန်ဆောင်မှုလိုင်စင်ရယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၊ အဖွဲ့အစည်းများ မပါဝင်။

(ရ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ သတင်း အချက်အလက်နည်းပညာစနစ်နှင့် ဆက်စပ်၍ ဆိုက်ဘာအရင်းအမြစ်နှင့် အလားတူ စနစ် သို့မဟုတ် ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှု ပေးအပ်သော လုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ပေးသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုသည်။

(လ) **ကွန်ပျူတာ** ဆိုသည်မှာ သတင်းအချက်အလက်နှင့် မှတ်တမ်းများရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ အခြားတစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ် အလိုက် ဆောင်ရွက်ရန်နှင့် လိုအပ်သောအချိန်၌ ပြန်လည်ထုတ်ဖော် အသုံးပြုနိုင်ရန် တို့ကိုလည်းကောင်း၊ သင်္ချာဆိုင်ရာနှင့် ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများ အသုံးပြု ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ အီလက်ထရောနစ် နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့် ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်းနည်းဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖြစ်စေ ဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

(ဝ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာစနစ်တစ်ရပ်ကို လည်ပတ်လုပ်ဆောင်ရာတွင် ကွန်ပျူတာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို

ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့် လမ်းညွှန်ချက်များ သို့မဟုတ် ဖော်ပြချက်များကို ဆိုသည်။

(သ) **ကွန်ပျူတာစနစ်** ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် စက်ပစ္စည်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ အပြန်အလှန် ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့် စက်ပစ္စည်းကိုဖြစ်စေ ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ် လုပ်ဆောင်လည်ပတ်နေသည့်အချိန်တွင် အသုံးပြုလျက်ရှိသော ရွှေ့ပြောင်းအသုံးပြုနိုင်သော အချက်အလက်များသိမ်းဆည်းသည့် စက်ပစ္စည်း (removable storage medium) တစ်ခုခုလည်း ပါဝင်ပြီး၊ ကွန်ပျူတာစနစ်တွင် အဆိုပါစက်ပစ္စည်းတစ်ခုခု၌ သိမ်းဆည်းထားသော ကွန်ပျူတာပရိုဂရမ်တစ်ခုခု သို့မဟုတ် အချက်အလက်တစ်ရပ်ရပ်လည်း ပါဝင်သည်။

(ဟ) **ဆက်သွယ်ရေးပစ္စည်း** ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်အရ အပြန်အလှန်အားဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော ပစ္စည်းများ၊ ၎င်းတို့၏ အခြေခံအဆောက်အဦများ၊ ဆက်စပ်ပစ္စည်းများနှင့် ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည့် ဆက်သွယ်ရေးပစ္စည်းတစ်ခုခုကို ဆိုသည်။

(ဠ) **ကွန်ရက်** ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာ ကဲ့သို့သော အလားတူပစ္စည်း ယင်းတို့နှင့် တွဲဖက်အသုံးပြုနိုင်သည့်စနစ်နှင့် ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ၊ ဂြိုလ်တုမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်မှ တစ်ဆင့်ဖြစ်စေ အချင်းချင်းချိတ်ဆက်အသုံးပြုသောစနစ်ကို ဆိုသည်။

(အ) **ဝင်ရောက်ရယူဆောင်ရွက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝင်ရောက်ရယူဆောင်ရွက်ခြင်းကို ဆိုသည်။

(ကက) **ကြားဖြတ်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ကွန်ရက်ကို အသုံးပြု၍ ဆက်သွယ်ဆောင်ရွက်သည့် အချက်အလက် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကြားဖြတ်ရယူခြင်းကို ဆိုသည်။

(ခခ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော၊ အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ် (Malicious Code) များကို ဆိုသည်။

(ဂဂ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြု၍ သတင်းအချက်အလက်၊ အီလက်ထရောနစ် သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်း ချိတ်ဆက်၍ဖြစ်စေ၊ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် လက်ခံရယူခြင်းများ ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကို ဆိုသည်။

(ဃဃ) **အမျိုးသားဆိုက်ဘာနယ်ပယ်** ဆိုသည်မှာ ဗဟိုကော်မတီကဖြစ်စေ၊ ဦးစီးကော်မတီကဖြစ်စေ သတ်မှတ်သည့် ဆိုက်ဘာနယ်ပယ်ကို ဆိုသည်။

(ငင) **ဆိုက်ဘာမှုခင်း** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြုပြီး ဆိုက်ဘာနယ်ပယ်အတွင်း ဤဥပဒေပါ တားမြစ်ချက်တစ်ခုခုကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါတားမြစ်ချက်တစ်ခုခုကိုဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ကြံစည်ခြင်း၊ အားပေးကူညီခြင်းကို ဆိုသည်။

(စစ) **သတင်းအချက်အလက်ဆက်သွယ်ရေး** ဆိုသည်မှာ လူတစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းတစ်ခုအနေဖြင့်ဖြစ်စေ၊ ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်နှင့် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာအရ ချိတ်ဆက်ဆောင်ရွက်နိုင်သော ဆက်စပ်ပစ္စည်း (Internet of Things-IoT) အား အသုံးပြုပြီး ဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ အီလက်ထရောနစ်အစိုးရအခြေခံအဆောက်အဦ (E-Government Infrastructure), အီလက်ထရောနစ်စီးပွားရေးအခြေခံအဆောက်အဦ (E-commerce Infrastructure), ဖိုရမ် (Forum), ဘလော့ဂ် (Blog) နှင့် လူမှုကွန်ယက်အပါအဝင် အွန်လိုင်းဆက်သွယ်ဆောင်ရွက်မှုတစ်ခုခုအား ဆက်သွယ်ဆောင်ရွက်အသုံးပြုခြင်းကို ဆိုသည်။

(ဆဆ) **ဆိုက်ဘာအလွဲအသုံးပြုခြင်း**ဆိုသည်မှာ အခန်း (၁၁) ပါ ဆောင်ရွက်ချက်များကို လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်ဖြစ်စေ၊ အစုအဖွဲ့ အနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခု အနေဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဇဇ) **ဆိုက်ဘာတိုက်ခိုက်ခြင်း** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်အား အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ၏ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်များအား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတင်းအချက်အလက် ဆက်သွယ်ရေး တစ်ခုခုကို နှောင့်ယှက်ခြင်း၊ ရပ်ဆိုင်းစေခြင်း စသည်တို့ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဈဈ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်း တစ်ရပ်ရပ်နှင့် သက်ဆိုင်သော တားဆီးကာကွယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးများနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ထားသော သို့မဟုတ် အတည်ပြုလက်ခံထားသော ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ နိုင်ငံတစ်ခုခုကို ဆိုသည်။

(ညည) **အွန်လိုင်းလောင်းကစားခြင်း (Online Gambling)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက် သော်လည်းကောင်း လောင်းကစားပြုခြင်းကို ဆိုသည်။

(ဋဋ) **အွန်လိုင်းငွေကြေးဝန်ဆောင်မှု** ဆိုရာတွင် ဆိုက်ဘာအရင်းအမြစ်တစ်ခုခုအား အသုံးပြု၍ ငွေလွှဲခြင်း၊ ငွေပေးချေမှုလုပ်ငန်းများ စသည့် ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ ပါဝင်သည်။

(၄၄) **အချက်အလက်အဆင့်အတန်း** (Data Classification) ဆိုသည်မှာ အချက်အလက်၏ အရေးကြီးမှုအပေါ်မူတည်၍ စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားသော လုံခြုံမှုအဆင့်အတန်းကို ဆိုသည်။

(၃၃) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ဆိုသည်။

## အခန်း (၃)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၊ အီလက်ထရောနစ်နည်းပညာဖြင့် သိမ်းဆည်းထားသော အချက်အလက်များအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ခ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

(ဂ) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေရန် အီလက်ထရောနစ် နည်းပညာများအသုံးပြု၍ ထိပါးနှောင့်ယှက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(င) ဆိုက်ဘာမှုခင်းများကို တားဆီးကာကွယ်နိုင်ရန်၊

(စ) ဒစ်ဂျစ်တယ် စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်၊

(ဆ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ်သတင်းအချက်အလက်တို့၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အသိအမှတ်ပြုပြီး ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်။

## အခန်း (၄)
## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဗဟိုကော်မတီဖွဲ့စည်းခြင်း

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယဝန်ကြီးချုပ် ဥက္ကဋ္ဌ
ပြည်ထောင်စုအစိုးရအဖွဲ့

(၂) ပြည်ထောင်စုဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဝန်ကြီးဌာန

(၃) ပြည်ထောင်စုဝန်ကြီး/ဥက္ကဋ္ဌများ အဖွဲ့ဝင်များ
ဆက်စပ်ဝန်ကြီးဌာန/အဖွဲ့အစည်းများ

(၄) ပြည်ထောင်စုအစိုးရအဖွဲ့ကတာဝန်ပေးအပ်သူ အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ် ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်း ဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သော လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရေး အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာများ တားဆီးကာကွယ်နိုင်ရေး လိုအပ်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး ကောင်းမွန်ပြည့်စုံစေရေး၊ ဆိုက်ဘာမှုခင်း တားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာလုံခြုံရေးစီမံချက်များကို ရေးဆွဲထားရှိရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ညွှန်ကြားခြင်း၊

(ဆ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ ပြည်တွင်းပြည်ပ ဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ်သတင်းအချက်အလက်တို့၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို အသိအမှတ်ပြုနိုင်ရေးအတွက် လိုအပ်သော မူဝါဒနှင့် စနစ်များ အကောင်အထည်ဖော်နိုင်ရေး လမ်းညွှန်မှုပေးခြင်း၊

(ဇ) ပြည်တွင်းပြည်ပ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းအဖွဲ့အစည်းများ အနေဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်းမှတစ်ဆင့် အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အွန်လိုင်းဆက်သွယ်ရေးကဏ္ဍမှ လုပ်ငန်းများ၏ သတင်းအချက်အလက်သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

(ည) အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းနှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း။

(ဋ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိုအပ်သော မူဝါဒ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ညှိနှိုင်း ပူးပေါင်း၍ ထုတ်ပြန်ခြင်း။

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေး ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၅)

## ဆိုက်ဘာလုံခြုံရေးဆိုင်ရာဦးစီးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆိုက်ဘာလုံခြုံရေး ဆိုင်ရာဦးစီးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး/ဒုတိယဥက္ကဋ္ဌ သို့မဟုတ် အမြဲတမ်းအတွင်းဝန် ဆက်စပ်ဝန်ကြီးဌာန/အဖွဲ့အစည်းများ | အဖွဲ့ဝင်များ |
| (ဂ) | ဆိုက်ဘာလုံခြုံရေးပညာရှင်များ | အဖွဲ့ဝင်များ |
| (ဃ) | အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (င) | ညွှန်ကြားရေးမှူးချုပ် ဦးစီးဌာန | အတွင်းရေးမှူး |

၈။ ဦးစီးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးရေးနှင့် ဟန့်တားဖော်ထုတ်ရေးကိစ္စရပ် များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်းတားဆီးရေးနှင့် ဟန့်တားဖော်ထုတ်ရေး ကိစ္စရပ် များ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီမှ ချမှတ်သော ဆိုက်ဘာလုံခြုံရေး မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များ၊ သတင်းအချက်အလက် အခြေခံ

အဆောက်အဦများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လေ့ကျင့်ပြုစု ပျိုးထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်မှု တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီ တုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ်လုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ နှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘော တူညီချက်များပါ အချက်များနှင့်အညီ နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်နိုင်ရေး အတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်း ဆိုင်ရာ ကွန်ဗင်ရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များပါ အချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သောလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ် သတင်းနှင့် အကြံပြုချက်များအား အများပြည်သူသိရှိဆောင်ရွက်နိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း များကို စီမံဆောင်ရွက်ခြင်း၊

(ည) ကဏ္ဍအလိုက် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်၊ တုံ့ပြန်ရေး အဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) ဤဥပဒေပါ ဝန်ဆောင်မှုလုပ်ငန်းများအား လိုင်စင် စိစစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် အရေးယူခြင်း တို့နှင့်စပ်လျဉ်း၍ မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်၊ မူဘောင်များ နှင့်အညီ စိစစ်အတည်ပြုခြင်း၊

(ဌ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင် အီလက်ထရောနစ်သတင်းအချက်အလက်တို့၏ စစ်မှန်မှုနှင့် ယုံကြည် စိတ်ချရမှုတို့ကို အသိအမှတ်ပြုနိုင်ရေးအတွက် မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများ တင်ပြခြင်း၊

(ဎ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း၊

(ဏ) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ် သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် ဖလှယ် ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဆေးစီရင်ရေး တို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်း များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(တ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းကို စိစစ်ခွင့်ပြုပေးခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းကို စိစစ်အရေးယူခြင်း၊

(ထ) အွန်လိုင်းဆက်သွယ်ရေးကဏ္ဍမှ လုပ်ငန်းများ၏ သတင်းအချက်အလက် သိမ်းဆည်း ရန် သတ်မှတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဒ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်၊ တပ်ဆင်၊ တင်သွင်းလာသည့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ စက်ကိရိယာများ၊ စက်ပစ္စည်းများသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ စိစစ်ဆောင်ရွက်ခြင်း။

၉။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်နိုင်ရေးအတွက် အောက်ပါ လုပ်ငန်းကော်မတီများကို ဖွဲ့စည်းရမည်–

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ခ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဂ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ

(င) လိုအပ်သော အခြားလုပ်ငန်းကော်မတီများ။

၁၀။ ဦးစီးကော်မတီသည် ဤဥပဒေပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရန် လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)
## ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း

၁၁။ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်-

(က) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အမျိုးအစား၊ လုံခြုံမှုအဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေးဆိုင်ရာ အချက်အလက် ပိုင်ရှင်၏ ခွင့်ပြုချက်အရမှအပ မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေးဆိုင်ရာ အချက်အလက်တစ်စုံတစ်ရာအား စိစစ်ရန် ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးပွားခြင်း သို့မဟုတ် သက်သေခံအဖြစ် တင်သွင်းခြင်း မပြုရ။

(ဂ) ဦးတည်ချက်နှင့် ကိုက်ညီမှုနက်ကန်မှု မရှိသည့် စီမံခန့်ခွဲခြင်း ကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်တို့ကို သုံးစွဲခြင်း မပြုရ။

(ဃ) အချိန်ကာလအကန့်အသတ်ဖြင့် အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို သတ်မှတ်အချိန်ကာလကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၁၂။ ကိုယ်ရေးဆိုင်ရာအချက်အလက်အပါအဝင် သတင်းအချက်အလက်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည်လည်းကောင်း၊ ယင်း၏ ကိုယ်စားတာဝန်လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဥပဒေအရ ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှုမှတစ်ပါး လျှို့ဝှက်ထားရမည်။

၁၃။ ကိုယ်ရေးဆိုင်ရာ အချက်အလက် စီမံခန့်ခွဲခြင်း ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ -

(က) ဗဟိုကော်မတီက တာဝန်ပေးအပ်သော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းနှင့် သက်ဆိုင်၍ ဟန့်တားကာကွယ်ခြင်း၊ ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(ခ) ဗဟိုကော်မတီက တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံးတစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားလုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက် ပိုင်ခွင့်အာဏာအရ

ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုကော်မတီက ဖြစ်စေ၊ ဆက်စပ်ဝန်ကြီးဌာနက ဖြစ်စေ၊ ဦးစီးဌာနက ဖြစ်စေ၊ စီမံပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။

## အခန်း (၇)

## အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦ ကာကွယ်ခြင်း

၁၄။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အီလက်ထရောနစ်အစိုးရဝန်ဆောင်မှုစနစ်များ (e-Government Services) ၊

(ခ) ဘဏ္ဍာရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဂ) ရေအရင်းအမြစ်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(င) ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(စ) ပြည်သူ့ကျန်းမာရေးကဏ္ဍဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဇ) သဘာဝသယံဇာတ အရင်းအမြစ်များဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ၊

(ဈ) အများပြည်သူနှင့်သက်ဆိုင်ခြင်းမရှိသော အီလက်ထရောနစ် သတင်းအချက်အလက်များနှင့် အခြေခံအဆောက်အဦများ။

၁၅။ ဗဟိုကော်မတီသည်-

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လိုအပ်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

(ခ) ကဏ္ဍအလိုက် သတ်မှတ်ထားရှိသော အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများအား သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းကို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများကို စီမံ ထိန်းသိမ်းရန် တာဝန်ရှိသူထံသို့ အသိပေးအကြောင်းကြားရန် ဝန်ကြီးဌာနကို ညွှန်ကြားရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ သိမ်းဆည်းထိန်းသိမ်းမှုအတွက် မူဝါဒများ ချမှတ်ရမည်။

၁၆။ ဦးစီးကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများ၏ ဆိုက်ဘာလုံခြုံရေး အဆင်သင့်ဖြစ်မှုကို စစ်ဆေး၍ သတ်မှတ်ချက်များနှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ရန် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူကို ညွှန်ကြားရမည်။

၁၇။ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည်-

(က) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦများနှင့် သက်ဆိုင်သော ဆိုက်ဘာလုံခြုံရေး စီမံချက်များရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာအား ဦးစီးကော်မတီသို့ တင်သွင်းခြင်း။

၁၈။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်-

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်စည်းကမ်းနှင့်အညီ သိမ်းဆည်းထားရှိရမည်။

(ခ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဆိုက်ဘာလုံခြုံရေးအစီရင်ခံစာကို ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်သွင်းရမည်။

၁၉။ ဦးစီးကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အဦ ကာကွယ်မှုများဆောင်ရွက်ရန် သက်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၈)
## အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ခြင်း

၂၀။ အီလက်ထရောနစ်သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသူသည် -

(က) ကွန်ပျူတာဟာတ်ဒ်ဝဲ၊ ဆော့ဖ်ဝဲနှင့် ကွန်ပျူတာလုပ်ထုံးများကို ဝင်ရောက် နှောင့်ယှက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့ ဖြစ်ပေါ်ခြင်းမရှိစေရန် ယုံကြည်စိတ်ချရသော စနစ်ကို အသုံးပြုရမည်၊

(ခ) မိမိရည်ရွယ်သော လုပ်ငန်း၏ ဆောင်ရွက်မှုနှင့် ကိုက်ညီသော ဝန်ဆောင်မှုလုပ်ငန်းတွင် သင့်လျော်သော ယုံကြည်အားထားရမှု အဆင့်တစ်ရပ်ကို သတ်မှတ်ပေးရမည်၊

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ၏ လျှို့ဝှက်ထားရှိမှုကို လုံခြုံမှုနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) သတ်မှတ်ထားသော စံများကို လိုက်နာဆောင်ရွက်ရမည်၊

(င) အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အီလက်ထရောနစ်သက်သေခံလက်မှတ်၏ အသေးစိတ် အချက်အလက်များကို ဖော်ပြရမည်၊

(စ) အီလက်ထရောနစ်သက်သေခံလက်မှတ် ထုတ်ပေးခြင်းနှင့် သက်ဆိုင်သော မိမိ လက်တွေ့ဆောင်ရွက်ပေးနိုင်မှုကို ဖော်ပြရမည်၊

(ဆ) ထုတ်ပေးသည့် အီလက်ထရောနစ်သက်သေခံလက်မှတ်၏ ယုံကြည်အားထားရမှုကို ဖြစ်စေ၊ တာဝန်ခံနိုင်မှု သို့မဟုတ် အာမခံနိုင်မှုကိုဖြစ်စေ ယင်း၏ ဝန်ဆောင်မှု ပေးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကို ဖြစ်စေ ထိခိုက်စေနိုင်သည့် အချက်များကို ဖော်ပြရမည်၊

(ဇ) အီလက်ထရောနစ်သက်သေခံလက်မှတ်တွင် ခွင့်ပြုထားသော အခြေအနေကြောင့် ဖြစ်စေ၊ ကွန်ပျူတာစနစ်၏ ချို့ယွင်းမှုကြောင့်ဖြစ်စေ ထိခိုက်မှု ဖြစ်ပေါ်လာနိုင်သော အခြေအနေများ ရှိလာပါက-

(၁) ထိခိုက်မှုဖြစ်စေနိုင်သည့် ပုဂ္ဂိုလ်အားဖြစ်နိုင်သည့် နည်းလမ်းဖြင့် အသိပေး အကြောင်းကြားရမည်၊

(၂) အထက်ပါ အခြေအနေနှင့် ဖြစ်ပေါ်မှုများအတွက် အီလက်ထရောနစ် သက်သေခံလက်မှတ်ကို လက်တွေ့ဆောင်ရွက်ရာ၌ လိုက်နာရန် သီးခြား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဈ) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် စည်းမျဉ်းစည်းကမ်းနှင့် တာဝန်များကို လိုက်နာ ဆောင်ရွက်ရမည်။

၂၁။ (က) အီလက်ထရောနစ်သက်သေခံ လက်မှတ်ထုတ်ပေးခွင့်ရှိသူသည် မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကို တင်ပြရာတွင် အီလက် ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှု လုပ်ငန်းကော်မတီက ထုတ်ပေး သော လိုင်စင်နှင့်အတူ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုအပ်ပါက အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှု လုပ်ငန်းကော်မတီ၏ သဘောထားမှတ်ချက်ကို တောင်းခံနိုင်သည်။

၂၂။ (က) ငှားရမ်းသုံးစွဲသူအဖြစ် ဆောင်ရွက်လိုသူသည် အီလက်ထရောနစ်သက်သေခံ လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ်သက်သေခံ လက်မှတ် ထုတ်ပေးခွင့်ရှိသူထံ လျှောက်ထားရမည်။

(ခ) အီလက်ထရောနစ်သက်သေခံ လက်မှတ်ထုတ်ပေးခွင့်ရှိသူသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ အီလက်ထရောနစ်သက်သေခံ လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၃။ ငွားရမ်းသုံးစွဲသူသည် -

(က) အီလက်ထရောနစ်ထိုးမြဲလက်မှတ် ထုတ်ဖော်သည့် အချက်အလက်ဖြင့် တရားဝင်သော ထိုးမြဲလက်မှတ်ကို အသုံးပြုသည့်အခါ ယင်းထုတ်ဖော်သည့် အချက်အလက်ကို အခြားသူများ တရားမဝင်အသုံးပြုခြင်း မခံရစေရန် ဂရုစိုက်ရမည်။

(ခ) အီလက်ထရောနစ်ထိုးမြဲလက်မှတ်အတွက် ထုတ်ပေးထားသော အီလက်ထရောနစ်သက်သေခံလက်မှတ်ကို ခွင့်ပြုထားသော သက်တမ်းကာလအတွင်း အသုံးပြုရာတွင် မိမိနှင့် သက်ဆိုင်သည့် အကြောင်းအရာများသော်လည်းကောင်း၊ ထပ်မံထည့်သွင်းရန် ဖြစ်သည့်အကြောင်းအရာများ သော်လည်းကောင်း တိကျပြည့်စုံပြီး မှန်ကန်မှုရှိစေရန် ဂရုစိုက်ရမည်။

(ဂ) အီလက်ထရောနစ်ထိုးမြဲလက်မှတ်ထုတ်ဖော်သည့် အချက်အလက် လျှို့ဝှက်မှုပေါက်ကြားလျှင်ဖြစ်စေ၊ လျှို့ဝှက်မှုပေါက်ကြားနိုင်သည့် အခြေအနေမျိုး ရောက်ရှိနေလျှင်ဖြစ်စေ၊ အီလက်ထရောနစ်သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသူက စီစဉ်ပေးသည့် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ သင့်လျော်သည့် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိ၏ အီလက်ထရောနစ်ထိုးမြဲလက်မှတ်နှင့် လုပ်ငန်းဆက်စပ်ပတ်သက်နေသူများထံ နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ အကြောင်းကြားရမည်။

၂၄။ ပုဒ်မ ၂၃ တွင် ဖော်ပြထားသော အချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာဆုံးရှုံးမှု အကျိုးဆက်များအတွက် ငွားရမ်းသုံးစွဲသူတွင် တာဝန်ရှိ စေရမည်။

၂၅။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စာဖြင့်ရေးသားရမည်ဟု လည်းကောင်း၊ လက်မှတ်ရေးထိုးရမည်ဟု လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် အကြောင်းအရာများကို အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်သတင်းအချက်အလက် နှင့် အီလက်ထရောနစ်ထိုးမြဲလက်မှတ်တို့ဖြင့် ပြုလုပ်ဆောင်ရွက်နိုင်ပြီး အဆိုပါပြုလုပ်မှုများသည် သက်ဆိုင်ရာဥပဒေအရ ပြုလုပ်ဘိသကဲ့သို့ တရားဝင်စေရမည်။

၂၆။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည် အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်သတင်းအချက်အလက်နှင့် အီလက်ထရောနစ်ထိုးမြဲလက်မှတ် ပေးပို့ခြင်း၊ လက်ခံရယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် မိမိတို့အချင်းချင်း သီးခြား သဘောတူညီချက်ရှိပါက ထိုသဘောတူညီသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၇။ ပဋိညာဉ်ပြုလုပ်ရာတွင် ပဋိညာဉ်ပြုလုပ်သူများအကြား အခြားနည်းဖြင့် သဘောတူညီချက်မရှိလျှင် ကမ်းလှမ်းခြင်း၊ ကမ်းလှမ်းချက်ကို လက်ခံခြင်းနှင့် အခြားလိုအပ်သော အချက်အလက်ပြုလုပ်ခြင်းတို့ကို အီလက်ထရောနစ် နည်းပညာဖြင့် ဆောင်ရွက်နိုင်သည်။

၂၈။ အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်သတင်းအချက်အလက်တို့ကို မူလဆောင်ရွက်ပေးပို့သူ ကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူက ဖြစ်စေ၊ ကိုယ်တိုင် သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူက အလိုအလျောက်ဆောင်ရွက်ရန် စီစဉ်ပြုလုပ်ထားသော သတင်းအချက်အလက်စနစ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက် ဖြစ်သည်ဟု မှတ်ယူရမည်။

၂၉။ လက်ခံသူသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက မူလဆောင်ရွက်ပေးပို့သူ၏ သတင်းအချက်အလက်၊ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက် အမှန်အဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ယူပြီး ဆောင်ရွက်ခွင့်ရှိသည်-

(က) လက်ခံသူနှင့် မူလဆောင်ရွက်ပေးပို့သူတို့ သဘောတူညီထားသည့် နည်းလမ်းနှင့်အညီ အသုံးပြုပေးပို့ခဲ့ခြင်း၊

(ခ) မူလဆောင်ရွက်ပေးပို့သူနှင့် ဆက်နွယ်မှုရှိသူကဖြစ်စေ၊ မူလဆောင်ရွက်ပေးပို့သူ၏ ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ ပေးပို့သည်ကို လက်ခံသူက လက်ခံရရှိခြင်းဖြစ်ပြီး မူလဆောင်ရွက်ပေးပို့သူ အသုံးပြုသည့် နည်းလမ်းဖြင့် ပေးပို့ခဲ့ခြင်း။

၃၀။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို ပေးပို့ဆဲဖြစ်စေ၊ မပေးပို့မီဖြစ်စေ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်-

(က) အောက်ပါတစ်နည်းနည်းဖြင့် လက်ခံရရှိကြောင်းကို အသိအမှတ်ပြုနိုင်သည်-

(၁) လက်ခံသူက ကိုယ်တိုင်ဖြစ်စေ၊ အလိုအလျောက်နည်းဖြင့် ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ဆက်သွယ်ပြန်ကြားခြင်း၊

(၂) လက်ခံသူက လက်ခံရရှိပြီးဖြစ်ကြောင်း မူလဆောင်ရွက်ပေးပို့သူသို့ လုံလောက်သော ညွှန်ပြမှုတစ်ခုခု ပြုလုပ် ခြင်း၊

(ခ) လက်ခံရရှိကြောင်း အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက် ပြုလုပ်နိုင်သည်။

၃၁။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက် လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိမှသာ အတည်ဖြစ်ရမည်ဟု မူလဆောင်ရွက် ပေးပို့သူက-

(က) သတ်မှတ်ထားသည့် ကိစ္စတွင် လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိခဲ့ခြင်းမရှိလျှင် မူလဆောင်ရွက်ပေးပို့သူက မည်သည့်အခါမျှ ပေးပို့ခဲ့ခြင်းမရှိဟု မှတ်ယူရမည်။

(ခ) သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စတွင် သီးခြားသတ်မှတ်သဘောတူညီထားသည့် အချိန်အတွင်းဖြစ်စေ၊ အချိန်ကို သတ်မှတ်ထားခြင်းမရှိပါက သင့်လျော်သည့် အချိန်အတွင်းဖြစ်စေ လက်ခံကြောင်း အသိအမှတ်ပြုချက်ကို မူလဆောင်ရွက်ပေးပို့သူက လက်ခံရရှိခြင်းမရှိလျှင် မူလဆောင်ရွက်ပေးပို့သူသည် ထိုသို့မရရှိကြောင်း လက်ခံသူသို့ အကြောင်းကြားနိုင်သည်။

၃၂။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ပို့လွှတ်သည့်အချိန်နှင့် လက်ခံသည့်အချိန်တို့နှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက်မရှိလျှင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်ကို-

(က) ပို့လွှတ်သည့်အချိန်သည် မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ ထိန်းချုပ်မှုပြင်ပရှိ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့် အချိန်ဖြစ်သည်၊

(ခ) လက်ခံသည့်အချိန်သည် အောက်ပါအတိုင်း ဖြစ်သည်-

(၁) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့် အချိန်၊

(၂) လက်ခံသူက သတ်မှတ်ထားခြင်းမရှိသော သတင်းအချက်အလက်စနစ်ကို အသုံးပြုခဲ့ပါက လက်ခံသူက လက်ခံရရှိသည့်အချိန်၊

(၃) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်မရှိပါက လက်ခံသူ၏ သတင်းအချက် အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်၊

၃၃။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်-

(က) သီးခြားသဘောတူညီချက်မရှိလျှင် မူလဆောင်ရွက်ပေးပို့သူ၏ လုပ်ငန်းတည်ရှိ သော နေရာကို ပို့လွှတ်သည့် နေရာဟု လည်းကောင်း၊ လက်ခံသူ၏ လုပ်ငန်း တည်ရှိသော နေရာကို လက်ခံသည့်နေရာဟု လည်းကောင်း မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းကို တစ်နေရာထက်ပို၍ လုပ်ကိုင်ပါက အဓိကစီးပွားရေးလုပ်ငန်း လုပ်ကိုင်သည့် နေရာကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် နေရာ မရှိပါက ထိုသူအမြဲတမ်း နေထိုင်သောနေရာကိုလည်းကောင်း၊ အဖွဲ့အစည်းဖြစ်ပါက ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော နေရာကို လည်းကောင်း အမြဲတမ်း နေရပ်လိပ်စာဟု မှတ်ယူရမည်။

## အခန်း (၉)

## ဝန်ဆောင်မှုပေးခြင်း

၃၄။ မြန်မာနိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် အောက်ပါ အချက်များကို ဆောင်ရွက်ရမည်-

(က) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ များအား အထောက်အကူပြုပေးနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင် ကာကွယ်မှုအစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု အလားအလာကို သတိပေးခြင်းနှင့် ကြိုတင် ကာကွယ်ခြင်းဆိုင်ရာ လမ်းညွှန်မှုပေးခြင်း၊

(ဂ) အန္တရာယ်ရှိသော ကုဒ်များ၊ ဆိုက်ဘာတိုက်ခိုက်မှုများ၊ ဆိုက်ဘာကျူးကျော် ဝင်ရောက်မှု သို့မဟုတ် အခြားလုံခြုံရေးဆိုင်ရာ ချိုးဖောက်မှုကို တုံ့ပြန်ရန်အစီအစဉ်နှင့် ဖြေရှင်း နည်းများ ရေးဆွဲခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာတိုက်ခိုက်မှု ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် သက်ဆိုင်သူ အား အသိပေးခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော စံနှုန်းများကို ကျင့်သုံးခြင်း၊

(စ) ဝန်ဆောင်မှု အသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

(ဆ) ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့နှင့် ဦးစီးဌာနသို့ အစီရင်ခံစာ ချက်ချင်းပေးပို့ခြင်း၊

(ဇ) သတ်မှတ်ထားသည့်လိုင်စင်ဆိုင်ရာ အခကြေးငွေများကိုပေးဆောင်ခြင်း၊

(ဈ) လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်အတိုင်း တင်သွင်းခြင်း၊

၃၅။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မိမိ ဝန်ဆောင်မှုပေးသည့် ပလက်ဖောင်းတွင် အောက်ပါအချက်တစ်ရပ်ရပ် ဖြစ်ပေါ်ကြောင်း ဦးစီးဌာနက အကြောင်းကြားသည့်အခါ ၎င်းတို့ကို တားဆီးခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်းနှင့် ရပ်ဆိုင်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီဆောင်ရွက်ရမည်-

(က) အမုန်းတရားဖြစ်စေသော၊ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော၊ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော စကား၊ စာသား၊ ရုပ်ပုံ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ သင်္ကေတ သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(ခ) မမှန်သတင်းများ သို့မဟုတ် ကောလာဟလသတင်းများ၊

(ဂ) မြန်မာ့လူမှုအသိုက်အဝန်း ယဉ်ကျေးမှုအရ ကြည့်ရှုခြင်းငှာ မသင့်လျော်သော လိင်အသားပေးပုံများ၊ အသံဖိုင်၊ ဗီဒီယိုများ၊ စာသားများ၊ သင်္ကေတများနှင့် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(ဃ) လိင်ပိုင်းဆိုင်ရာ ရည်ရွယ်ချက်ဖြင့်ဖော်ပြသော ကလေးသူငယ်၏ ညစ်ညမ်းပုံ၊ ညစ်ညမ်းဗီဒီယို၊ စာသားများ၊ သင်္ကေတများနှင့် အခြားတစ်နည်းနည်းဖြင့် ဖော်ပြမှုများ၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်သည့် ရေးသား၊ ပြောဆို၊ ဖော်ပြချက်များ၊

(စ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လူမှုရေး၊ စီးပွားရေး ထိခိုက်ပျက်စီး နစ်နာစေရန် စကား၊ စာသား၊ ရုပ်ပုံ၊ ဗီဒီယိုဖိုင်၊ အသံဖိုင်၊ သင်္ကေတ သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ဖော်ပြခြင်း၊ ရေးသားခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်းတို့အတွက် မှန်ကန်သည့် တိုင်ကြားချက် တစ်စုံတစ်ရာရရှိသည့် ဖြစ်ပွားမှုများ။

၃၆။ မြန်မာနိုင်ငံအတွင်းတွင် အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည်-

(က) ဝန်ဆောင်မှုအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသော စက်ပစ္စည်းကို သတ်မှတ်စည်းကမ်းနှင့်အညီ ထားရှိရမည်။

(ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူ ဖြစ်ရမည်။

(ဂ) ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဆက်စပ်စီးပွားရေး တစ်ရပ်ရပ် ဆောင်ရွက်ခြင်း သို့မဟုတ် အလားတူ အကျိုးအမြတ် ရယူဆောင်ရွက်သည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ အခွန်အရပ်ရပ်ပေးဆောင်ရန် ပေါ်ပေါက်ပါက သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပေးဆောင်ရမည်။

၃၇။ မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ဝန်ဆောင်မှု အသုံးပြုသူများ၏ အောက်ပါ အချက်အလက်များကို ဝန်ဆောင်မှု စတင်အသုံးပြုသည့် နေ့မှစ၍ သုံးနှစ်အထိ ထိန်းသိမ်းထားရမည်-

(က) ဝန်ဆောင်မှုသုံးစွဲသူ၏ အမည်နှင့် အင်တာနက်ပရိုတိုကောလ်လိပ်စာ (Internet Protocol (IP) Address)၊ ဖုန်းနံပါတ်၊ စိစစ်ရေးကဒ်အမှတ်၊ နေရပ်လိပ်စာ၊

(ခ) ဝန်ဆောင်မှုသုံးစွဲသူ၏ အသုံးပြုမှုမှတ်တမ်း၊

(ဂ) ဦးစီးဌာနက အခြားညွှန်ကြားထားသော အချက်အလက်များ။

၃၈။ မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၇ ပါ အချက်အလက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တာဝန်ပေးအပ်ခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက တောင်းခံလျှင် ပေးရမည်။

## အခန်း (၁၀)
## လိုင်စင်ရယူခြင်း

၃၉။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အီလက်ထရောနစ် သက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသူအဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်း ကော်မတီသို့ လျှောက်ထားရမည်။

၄၀။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီသည် ပုဒ်မ ၃၉ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို ဦးစီးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၄၁။ မြန်မာနိုင်ငံအတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူသည် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၂။ ဦးစီးဌာနသည် လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို ဦးစီးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၄၃။ လိုင်စင်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့် အညီ လိုင်စင်သက်တမ်းတိုးခြင်းကို ဆောင်ရွက်ရမည်။

၄၄။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်သက်တမ်းတိုးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ဦးစီးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၄၅။ မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

၄၆။ ဦးစီးဌာနသည် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းကို ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုနိုင်သည် သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်နိုင်သည်။

## အခန်း (၁၁)

## ဆိုက်ဘာအလွဲအသုံးပြုခြင်းနှင့် ဆိုက်ဘာပြစ်မှု

၄၇။ မည်သူမဆို ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်ကို ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ဆောင်ရွက်လျှင် ဆိုက်ဘာအရင်းအမြစ်ကို တရားမဝင် ဝင်ရောက်ရယူဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်-

(က) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်ကိုဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခြေအနေ သို့မဟုတ် အရည်အသွေး တစ်ရပ်ရပ်ကို ဖြစ်စေ၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်တစ်ရပ်ရပ်ကို အောက်ပါနေရာတစ်ခုခုသို့ ကူးယူခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်း၊

(၁) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်အား မူလသိမ်းဆည်းထားရှိသည့် နေရာမှအပ အခြား ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်၊ စက်ပစ္စည်းတစ်ခုခု သို့မဟုတ် သိုလှောင်သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုခုသို့ ဖြစ်စေ၊

(၂) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်အား သိမ်းဆည်းထားရှိသည့် ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်၊ စက်ပစ္စည်းတစ်ခု သို့မဟုတ် သိုလှောင်သိမ်းဆည်းနိုင်သည့် ပစ္စည်းတစ်ခုတည်းတွင်ဖြစ်သော်လည်း ယင်း၏ အခြားနေရာ တစ်ခုခုသို့ ဖြစ်စေ၊

(ဂ) ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်ကိုအသုံးပြုခြင်း၊

(ဃ) ကွန်ပျူတာစနစ်တွင် သိမ်းဆည်းထားခြင်းမှ ကွန်ပျူတာစနစ်ကို ဖွင့်လှစ်လုပ်ဆောင်စေ၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပြုလုပ်ပြီး အချက်အလက် သို့မဟုတ် သတင်းအချက်အလက်များ ရယူဆောင်ရွက်ခြင်း။

၄၈။ ကွန်ပျူတာစနစ် သို့မဟုတ် ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ဆောင်ရွက်လျှင် ကွန်ပျူတာစနစ် တစ်ရပ်ရပ်၏ အရည်အသွေး သို့မဟုတ် အကြောင်းအရာများကို တရားမဝင် ပြင်ဆင် ပြောင်းလဲခြင်းပြုလုပ်သည်ဟု မှတ်ယူရမည်-

(က) သက်ဆိုင်ရာကွန်ပျူတာစနစ်၏ သိမ်းဆည်းထားသော ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ပြောင်းလဲခြင်း၊

(ခ) သက်ဆိုင်ရာကွန်ပျူတာစနစ်၏ သိမ်းဆည်းထားသော ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊

(ဂ) သက်ဆိုင်ရာကွန်ပျူတာစနစ်၏ သိမ်းဆည်းထားသော ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဖြည့်စွက်ခြင်း၊

(ဃ) ကွန်ပျူတာစနစ်တစ်ရပ်ရပ်၏ သာမန်လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်စေမည့် အခြား လုပ်ဆောင်မှု တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း။

၄၉။ ကွန်ပျူတာစနစ်တစ်ရပ် သို့မဟုတ် ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်နှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှု များသည် ထိန်းချုပ်မှုပြုလုပ်ခြင်းဟု မှတ်ယူရမည်-

(က) ကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ် သို့မဟုတ် ကွန်ရက် တစ်ခုခုကို ထိန်းချုပ်ခြင်း သို့မဟုတ် အလားတူ ဆောင်ရွက်ခြင်း၊

(ခ) ကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ် သို့မဟုတ် ကွန်ရက် တစ်ခုခုကို အခြားသော ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်၍ လုပ်ဆောင်ခြင်း၊

၅၀။ ကွန်ပျူတာစနစ် သို့မဟုတ် ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက်အလက်တစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ဖော်ပြပါ မည်သည့်နည်းလမ်းဖြင့်မဆို ဆောင်ရွက်ခြင်းကို တရားမဝင် ဝင်ရောက်ရယူဆောင်ရွက်ခြင်း ဟု မှတ်ယူရမည်-

(က) ထိုသူသည် ကွန်ပျူတာစနစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဝင်ရောက်ရယူဆောင်ရွက်မည့် အချင်းဖြစ်အကြောင်းအရာအမျိုးအစားအား ကြီးကြပ်ဆောင်ရွက်ခွင့်ရှိသူ မဟုတ်ခြင်း၊

(ခ) ထိုသူသည် ကွန်ပျူတာစနစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဝင်ရောက်ရယူဆောင်ရွက်မည့် အချင်းဖြစ်အကြောင်းအရာအမျိုးအစားအတွက် သဘောတူညီချက်ပေးပိုင်ခွင့်ရှိသူထံမှ သဘောတူညီချက်ရရှိထားသူမဟုတ်ခြင်း။

၅၁။ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ် သို့မဟုတ် အချက်အလက် သို့မဟုတ် သတင်းအချက် အလက်တစ်ရပ်ရပ်ကို ပုဂ္ဂိုလ်တစ်ဦးဦးက အောက်ဖော်ပြပါ နည်းလမ်းဖြင့် ကြားဖြတ်ရယူ ဆောင်ရွက်ခြင်းကို တရားမဝင် ကြားဖြတ်ရယူဆောင်ရွက်ခြင်းဟု မှတ်ယူရမည်-

(က) ကွန်ပျူတာစနစ်အတွက် တာဝန်ရှိသူပုဂ္ဂိုလ် မဟုတ်ခြင်း၊

(ခ) အဆိုပါ ကြားဖြတ်ဆောင်ရွက်ခြင်းကိုပြုလုပ်မည် သို့မဟုတ် မပြုလုပ်မည်ကို ဆုံးဖြတ် ဆောင်ရွက်ခွင့်ရှိသူ မဟုတ်ခြင်း၊

(ဂ) ကွန်ပျူတာစနစ်အတွက် တာဝန်ရှိသူပုဂ္ဂိုလ်ထံမှ အဆိုပါကြားဖြတ်ဆောင်ရွက်ခြင်းအတွက် သဘောတူခွင့်ပြုချက်ရရှိသူ မဟုတ်ခြင်း။

၅၂။ ပုဒ်မ ၄၉၊ ၅၀၊ ၅၁ ပါ ကိစ္စရပ်များကို တည်ဆဲဥပဒေတစ်ရပ်ရပ်၏ ခွင့်ပြုချက်အရ ဆောင်ရွက်ခြင်းအား တရားမဝင် ဆောင်ရွက်ခြင်းဖြစ်သည်ဟု မမှတ်ယူရ။

## အခန်း (၁၂)

## ဆိုက်ဘာမှုခင်းများနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်းများအား ကာကွယ်ခြင်း၊ တုံ့ပြန်ခြင်း

၅၃။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆိုက်ဘာကာကွယ်ရေးဆိုင်ရာ လုပ်ငန်းကော်မတီတို့သည် ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းစဉ်တို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲ အသုံးပြုခြင်းဖြစ်စဉ်၏ အလားအလာရှိသော သက်ရောက်မှု သို့မဟုတ် ထိုသက်ရောက်မှုကို အကဲဖြတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်မှ တစ်ဆင့်ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ အခြားအန္တရာယ်များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးအဆင့် တိုးမြှင့်ကာကွယ်ရန် ကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းထားသော၊ လက်ခံရယူထားသော၊ ပို့လွှတ်သော၊ ဖန်တီးထားသော သတင်းအချက်အလက်များကိုရယူခြင်း၊ သိမ်းဆည်းခြင်း၊ လွှဲပြောင်းခြင်း၊ စောင့်ကြည့်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့ကို စိစစ် ဖော်ထုတ် အရေးယူဆောင်ရွက်ခြင်း။

၅၄။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ပုဒ်မ ၅၃ ပါလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် ကူညီပူးပေါင်း ဆောင်ရွက်ရမည်။

၅၅။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီနှင့် ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီတို့သည် ပုဒ်မ ၅၃ ပါ လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရာတွင် ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာ တိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း ဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှု ရှိသည်ဟု သုံးသပ်ယူဆရသော အောက်ပါပုဂ္ဂိုလ်ထံမှ ကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ်ကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးနိုင်သည်-

(က) ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြစ်စဉ်တစ်ခုခုနှင့် ဆက်စပ်မှု ရှိသည်ဟု သုံးသပ်ယူဆရသော ကွန်ပျူတာကို ဖြစ်စေ၊ ကွန်ပျူတာစနစ် တစ်ခုခုကို ဖြစ်စေ၊ ကွန်ရက်တစ်ခုခုကိုဖြစ်စေ အသုံးပြုသူ သို့မဟုတ် အသုံးပြုခဲ့သည်ဟု သံသယရှိသူ၊

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဆက်စပ်မှုရှိသူ။

၅၆။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆိုက်ဘာမှုခင်းဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီတို့သည် ကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ်အား လေ့လာဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စိစစ်လေ့လာခြင်းတို့ ပြုလုပ်ပြီးပါက ယင်းကွန်ပျူတာ သို့မဟုတ် ကွန်ပျူတာစနစ်ကို အပ်နှံသူထံ စနစ်တကျ ပြန်လည်ပေးအပ်ရမည်။

၅၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကြားဖြတ်ဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ကြားဖြတ်ဆောင်ရွက်ခွင့်ကို အပ်နှင်းနိုင်သည်။

၅၈။ ဆက်သွယ်ရေးဥပဒေပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ပုဒ်မ ၅၇ အရ ကြားဖြတ်ဆောင်ရွက်ခွင့် အပ်နှင်းခြင်းခံရသော သက်ဆိုင်ရာပုဂ္ဂိုလ်

သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဥပဒေနှင့်အညီ ကြားဖြတ်ဆောင်ရွက်ခြင်းပြုနိုင်ရန် ကြိုတင်စီမံ ဆောင်ရွက်ထားရှိရမည်။

၅၉။ ပုဒ်မ ၅၇ အရ ကြားဖြတ်ဆောင်ရွက်ခွင့်အပ်နှင်းခြင်းခံရသော သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်သည် အောက်ပါကိစ္စရပ်များအတွက် နိုင်ငံသားများ၏ မူလ အခွင့်အရေးများကို မထိခိုက်စေဘဲ ကြားဖြတ်ဆောင်ရွက်ခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ထိခိုက်စေမည့် ကိစ္စရပ်များကို တားဆီးကာကွယ်ခြင်း၊

(ခ) နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဂ) တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဃ) ရာဇဝတ်မှုများအား စုံစမ်းထောက်လှမ်းခြင်း၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုထားသည့် ကိစ္စရပ်များ၊

(စ) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်ကိစ္စရပ်များ။

၆၀။ ဝန်ကြီးဌာန သို့မဟုတ် ယင်းက တာဝန်ပေးအပ်သော ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စများအတွက်သော်လည်းကောင်း၊ အများပြည်သူ၏ အကျိုး အတွက်သော်လည်းကောင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ် အတွင်း ဝန်ဆောင်မှုပြုလုပ်နေမှုကို လိုအပ်ပါက ဝင်ရောက်ကြည့်ရှု၍ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဝန်ဆောင်မှုပေးသူအား စာတမ်းအမှတ်အသားတို့ကို တောင်းခံနိုင်သည်။

၆၁။ ဝန်ကြီးဌာနသည် အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရန် အခြေအနေပေါ်ပေါက်သည့် အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင် သည်-

(က) မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား ယာယီပိတ်ပင်ခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သည့် စက်ပစ္စည်းများကို ယာယီထိန်းချုပ်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား အပြီးပိတ်ပင်ခြင်း။

၆၂။ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှု လိုင်စင်ရယူ၍ ဝန်ဆောင်မှုပေးသည့် ကွန်ရက်ပေါ်တွင် Virtual Private Network (VPN) နည်းပညာ သို့မဟုတ် အလားတူ နည်းပညာ အသုံးပြု၍ ကွန်ရက် ထူထောင်ခြင်း၊ အဆိုပါ ကွန်ရက်ကို ဝင်ရောက်ချိတ်ဆက်ခြင်း၊ အသုံးပြုခြင်း ပြုလုပ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ခွင့်ပြုချက် ရရှိရန် လျှောက်ထားရမည်။

## အခန်း (၁၃)

## သက်သေခံပစ္စည်းသိမ်းဆည်းခြင်းနှင့် ကျွမ်းကျင်သူ၏သက်သေခံချက်တင်သွင်းခြင်း

၆၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဤဥပဒေနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ စုံစမ်းစစ်ဆေးရန်လိုအပ်၍ အီလက်ထရောနစ်သက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင် သတ်မှတ်ချက်များနှင့်အညီ ကိုင်တွယ်သိမ်းဆည်းရမည်။

၆၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သိမ်းဆည်းထားသော အီလက်ထရောနစ်သက်သေခံ ပစ္စည်းများကို လေ့လာဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စိစစ်လေ့လာခြင်းတို့ကိုဆောင်ရွက်၍ တရားရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ်သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

၆၅။ ဦးစီးကော်မတီ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဦးစီးဌာနအလိုက် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အမျိုးသားဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း (National Digital Forencis Lab) နှင့် ဒစ်ဂျစ်တယ်ဓာတ်ခွဲခန်း (Digital Forencis Lab) ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ထောင်၍ လိုအပ်သော ကျွမ်းကျင်သူ၏ ထင်မြင်ယူဆချက်အား တရားရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အီလက်ထရောနစ် သက်သေခံအဖြစ် တင်သွင်းနိုင်သည်။

၆၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို

တရားရုံးရှေ့သို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၆၇။ အီလက်ထရောနစ်သက်သေခံတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပွားပါက အမျိုးသားဒစ်ဂျစ်တယ်ခာတ်ခွဲခန်းကို ပေးပို့စစ်ဆေးရမည်။ အမျိုးသား ဒစ်ဂျစ်တယ် ခာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ရလဒ်နှင့် ထင်မြင်ယူဆချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၄)

## အွန်လိုင်းလောင်းကစားခြင်း

၆၈။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားခြင်းနှင့် သက်ဆိုင်သည့် အောက်ပါ ကိစ္စ တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အွန်လိုင်းလောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံ စုဆောင်းခြင်း၊

(ခ) အွန်လိုင်းလောင်းကစားခြင်း၊ အွန်လိုင်းလောင်းကစားရန် အားပေးကူညီခြင်း၊ လူစုခြင်း၊ လှုံ့ဆော်ခြင်း။

## အခန်း (၁၅)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆၉။ ငှားရမ်းသုံးစွဲသူက အီလက်ထရောနစ် သက်သေခံလက်မှတ်ပါ စည်းကမ်းချက် တစ်ရပ် ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ အီလက်ထရောနစ်သက်သေခံ လက်မှတ် ထုတ်ပေးခွင့်ရှိသူသည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ကို ချမှတ်နိုင်သည်-

(က) သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ခ) သက်သေခံလက်မှတ်ကို ပယ်ဖျက်ခြင်း။

၇၀။ အီလက်ထရောနစ်သက်သေခံ လက်မှတ်ထုတ်ပေးခွင့်ရှိသူက လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီသည် ထိုသူအားအောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကိုပယ်ဖျက်ခြင်း။

၇၁။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၅၊ ၃၆ နှင့် ၅၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဦးစီးဌာနသည် ဦးစီးကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှု တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၇၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် ပုဒ်မ ၃၄ နှင့် ၅၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ဦးစီးဌာနသည် ဦးစီးကော်မတီ ၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၇၃။ ဆက်သွယ်ရေးဥပဒေပါဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ အဖွဲ့အစည်း များသည် ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်အား လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဦးစီး ဌာနသည် ဦးစီးကော်မတီ၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှု တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မြန်မာနိုင်ငံအတွင်း ဝန်ဆောင်မှုပေးခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၇၄။ ဦးစီးကော်မတီသည် သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းတည်ထောင်ထားခြင်းမရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းကို ဖျက်သိမ်းနိုင်သည်။

## အခန်း (၁၆)

## အယူခံဝင်ခြင်း

၇၅။ (က) အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူက အီလက်ထရောနစ် သက်သေခံလက်မှတ်ထုတ်ပေးရန် ငြင်းပယ်လျှင်ဖြစ်စေ၊ ပုဒ်မ ၆၉ အရ စီမံ ခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်လျှင်ဖြစ်စေ ကျေနပ်မှုမရှိသည့် ၄င်းရမ်း သုံးစွဲသူသည် အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှု လုပ်ငန်းကော်မတီထံ အယူခံလျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် အယူခံနှင့်စပ်လျဉ်း၍ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီသည် အီလက်ထရောနစ် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ဦးစီးကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဂ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုလုပ်ငန်းကော်မတီက ပုဒ်မခွဲ (ခ) အရ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၇၆။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်လျှင် သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန် ငြင်းပယ်လျှင်ဖြစ်စေ၊ ပုဒ်မ ၇၀ အရ စီမံခန့်ခွဲရေးအမိန့်တစ်ရပ်ရပ်ကို ချမှတ်လျှင် ဖြစ်စေ၊ ကျေနပ်မှုမရှိသည့် အီလက်ထရောနစ် သက်သေခံလက်မှတ် ထုတ်ပေးခွင့်ရှိသူသည် အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံ လျှောက်ထားနိုင်သည်။

၇၇။ ဦးစီးဌာနက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်လျှင် သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန် ငြင်းပယ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ပေးရန်ငြင်းပယ်လျှင် သို့မဟုတ် မှတ်ပုံတင်သက်တမ်း တိုးရန် ငြင်းပယ်လျှင်ဖြစ်စေ၊ ပုဒ်မ ၇၁၊ ၇၂ နှင့် ၇၃ အရ ချမှတ်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကိုဖြစ်စေ ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံလျှောက်ထားနိုင်သည်။

၇၈။ ဗဟိုကော်မတီသည် ပုဒ်မ ၇၆ နှင့် ၇၇ အရ အယူခံလျှောက်ထားမှုနှင့်စပ်လျဉ်း၍ အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၉။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာ အချက်အလက်များအား ပုဒ်မ ၁၁၊ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်

ခြင်း မပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၀။ မည်သူမဆို သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာအချက် အလက်များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၁။ အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အဦ စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၂။ မည်သူမဆို အီလက်ထရောနစ်သတင်းအချက်အလက်အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်ဆုံးရှုံးစေခြင်း၊ ဥပဒေနှင့်မညီသော ပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း စသည်တို့ကို ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၃။ မည်သူမဆို မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ ကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကိုကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင်ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးဦးသို့ ထုတ်ဖော်ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၄။ မည်သူမဆိုပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ခွင့်ပြုချက်သို့မဟုတ် သဘောတူညီချက်မရှိဘဲ ထိုသူ၏ လုံခြုံမှုအဆင့်ထားရှိသော အမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်

အသုံးပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သူမဆို သက်သေခံလက်မှတ်ရရှိရန် လျှောက်ထားရာတွင်ဖြစ်စေ၊ သက်သေခံ လက်မှတ်ကို ရပ်ဆိုင်းရန် သို့မဟုတ် ရုပ်သိမ်းရန် တင်ပြရာတွင်ဖြစ်စေ မိမိ၏ အထောက်အထား သို့မဟုတ် အသုံးပြုခွင့်ကို သက်သေခံ လက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံ သိလျက်နှင့် မမှန်မကန် တင်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လ အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ငါးဆယ်ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၈၆။ ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် ပုဒ်မ ၃၆ နှင့် ၃၇ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၄၇ နှင့် ၄၈ ပါ ပြဋ္ဌာန်းချက်အား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို ပုဒ်မ ၄၉၊ ၅၀ နှင့် ၅၁ ပါ ပြဋ္ဌာန်းချက်အား ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်

၈၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) ဆိုက်ဘာအရင်းအမြစ်ထဲသို့ ကွန်ပျူတာပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ၊ မောလ်ဝဲရ်များ ထည့်သွင်းခြင်း၊ ဝင်ရောက်စေခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသည့် မည်သည့် လူပုဂ္ဂိုလ်ကိုမဆို ယင်း စနစ်များအတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိအောင် ပြုလုပ်ခြင်း၊

(ဂ) ဥပဒေအရ ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကာ ဆိုက်ဘာ အရင်းအမြစ်အား ဝင်ရောက်ခြင်းကို အားပေးခြင်း၊ ကူညီခြင်း၊

(ဃ) လူပုဂ္ဂိုလ်တစ်ဦးဦးအား အခကြေးငွေပေး၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုဖြင့်ဖြစ်စေ၊ တစ်ခြားသူတစ်ဦး၏ ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ နှောင့်ယှက်စေခြင်း၊

(င) မည်သည့်အကြောင်းကြောင့်ဖြစ်စေ ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက် အလက်များကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ၎င်း၏ အသုံးဝင်မှုများကို ယုတ်လျော့စေခြင်း၊ အကျိုးသက်ရောက်မှုများကို ထိခိုက်စေခြင်း၊

(စ) ကွန်ပျူတာရှိ ဆို့ကုဒ် (source code) များကို ပျက်စီးစေရန် ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့် မရအောင် ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အခြား သူတစ်ဦးဦးကို ထိုသို့ ပြုလုပ်ရန် ခိုင်းစေခြင်း၊

(ဆ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ အယောင်ဆောင် လိမ်လည်လှည့်ဖြားခြင်း၊

(ဇ) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ လူပုဂ္ဂိုလ် သို့မဟုတ် အသင်းအဖွဲ့ တစ်ရပ်ရပ်၏ အွန်လိုင်းဝန်ဆောင်မှုဖြင့် ဆောင်ရွက်သော ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှု၊ ငွေကြေး စုဆောင်းမှု သို့မဟုတ် ငွေကြေးဆိုင်ရာ အရင်းအနှီး တစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း။

၉၀။ မည်သူမဆို ဆက်သွယ်ရေးဥပဒေအရ လိုင်စင်ရယူ၍ ဝန်ဆောင်ပေးသည့် ကွန်ရက်ပေါ်တွင် ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရှိဘဲ Virtual Private Network (VPN) နည်းပညာ သို့မဟုတ် အလားတူနည်းပညာအသုံးပြု၍ ကွန်ရက်ထူထောင်ခြင်း၊ အဆိုပါ ကွန်ရက်ကို ဝင်ရောက် ချိတ်ဆက်ခြင်း၊ အသုံးပြုခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန် ရည်ရွယ်၍ ဆိုက်ဘာနယ်ပယ်တွင် သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၂။ မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင် တားဆီးခြင်း၊ ခက်ခဲအောင် ပြုလုပ်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက် ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲ (Malware) ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်ခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၃။ မည်သူမဆို နိုင်ငံတော်နှင့် အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေ နိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွား အလို့ငှာ လည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသော လုံခြုံရေး အရ လျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက် ဝင်ရောက်ရန် ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်ခြင်း ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်းငါးရာထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၄။ မည်သူမဆို မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ သို့မဟုတ် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က တရားဝင်ခွင့်ပြုထားခြင်းမရှိဘဲ အွန်လိုင်းငွေကြေး ဝန်ဆောင်မှု လုပ်ငန်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ

အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ မည်သူမဆို တရားဝင်ခွင့်ပြုထားခြင်းမရှိသော ငွေကြေး သို့မဟုတ် ငွေကြေးတန်ဖိုးကို ကိုယ်စားပြုသည့် အရာဝတ္ထုတစ်ရပ်ရပ် (ဥပမာ- Digital Currency, Cryptocurrency စသည်) အား ဆိုက်ဘာနယ်ပယ်တွင် ရောင်းဝယ်မှုပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ဆယ့်ငါးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၆။ မည်သူမဆို မဖွယ်မရာညစ်ညမ်းသော လိင်ပိုင်းဆိုင်ရာလုပ်ရပ်များ ပါဝင်သည့် စကား၊ ရုပ်ပုံ၊ အသံဖိုင်၊ ဗီဒီယို၊ စာသား၊ သင်္ကေတနှင့် အခြားဖော်ပြမှုတို့ကို အီလက်ထရောနစ် ပုံစံဖြင့် ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၇။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားခြင်းပြုလုပ်ရန် လောင်းကြေးတောင်းခံ စုဆောင်းခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၈။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားခြင်းတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၉။ မည်သူမဆို ဤဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်သော ဦးစီးကော်မတီနှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် ပုဂ္ဂိုလ်ကို ဟန့်တားနှောက်ယှက်ခြင်း၊ တားဆီးခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် တောင်းဆိုချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး

တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၀။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ဆယ့်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၁၈)

## အထွေထွေ

၁၀၂။ ဤဥပဒေ အာဏာမတည်မီက ထုတ်ပြန်ခဲ့သော သတင်းအချက်အလက်ဆက်သွယ်ရေး သို့တည်းမဟုတ် အီလက်ထရောနစ်သတင်းအချက်အလက်နှင့် သက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၃။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဗဟိုကော်မတီ အဖွဲ့ဝင် သို့မဟုတ် ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၀၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့ကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် အတွင်းရေးမှူးရုံးအဖွဲ့သည် ဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ထားရှိရမည်။

၁၀၅။ အတွင်းရေးမှူးရုံးအဖွဲ့သည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏-

(က) အသုံးစရိတ်များကို ကျခံရမည်။

(ခ) ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၁၀၆။ ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများ ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၁၀၇။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့်ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်း မပြုရ။

၁၀၈။ ဦးစီးဌာနသည်-

(က) နိုင်ငံတကာနှင့် ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတကာ သတ်မှတ်ချက်များနှင့်အညီ ဆိုက်ဘာလုံခြုံရေး နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်ဆေးပွဲများ၊ ပြိုင်ပွဲများကျင်းပပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်သည်။

၁၀၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဦးစီးကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၁၀။ ဤဥပဒေပါ ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၁။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီ သို့မဟုတ် ဝန်ကြီးဌာန သို့မဟုတ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှု လုပ်ငန်းကော်မတီသည်-

(က) အစိုးရဌာနတစ်ခုခု၊ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေး ငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း အများပြည်သူအကျိုးငှာ ကင်းလွတ် ခွင့်ပြုနိုင်သည်။

(ခ) နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွယ်သည့် ကိစ္စရပ်များ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ် များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန် မလိုဘဲ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင်နှင့် ထောက်ခံချက်တို့ကို ရယူခြင်းမှလည်းကောင်း၊ လိုအပ်ပါက အခကြေး ငွေများကို ပေးဆောင်ရခြင်းမှ လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုသည့်ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

၁၁၂။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ထုတ်ပေးသည့် သက်တမ်း မကုန်ဆုံးသေးသော လိုင်စင်ကို ဤဥပဒေအရထုတ်ပေးသည့် လိုင်စင်ဟု မှတ်ယူမည် ဖြစ်ပြီး ယင်းလိုင်စင်ပါ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်စေရမည်။ ယင်းလိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်ဆောင်ရွက်လိုပါက ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၁၁၃။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ် ဆိုင်ရာစကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၁၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့သည် နည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက် ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာန/ အဖွဲ့အစည်းတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ကို ထုတ်ပြန်နိုင်သည်။

(ဂ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်း တို့ကို ထုတ်ပြန်နိုင်သည်။

၁၁၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/ ၂၀၀၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ